၂၀၁၈ ခုနှစ် ဇူလိုင်လ ၆ ရက်နေ့

# လွတ်လပ်စွာ စီတန်းလှည့်လည်ခွင့်နှင့် မြန်မာနိုင်ငံ လူငယ်များ၏ ငြိမ်းချမ်းရေးလှုပ်ရှားမှုအပေါ် သုံးသပ်ချက်စာတမ်း ထုတ်ပြန်ခြင်း

လပေါင်းများစွာ နှောင့်နှေးနေခဲ့ပြီးနောက် တတိယအကြိမ် ၂၁ ရာစုပင်လုံညီလာခံကို ပြန်လည်စတင်သည့်အခါ အများပြည်သူအတွက် ယခင်ကထက် ပိုအရေးကြီးသည်မှာ လက်ရှိကာလတွင် ဆယ်စုနှစ်ပေါင်းများစွာ ကြာမြင့်ခဲ့ပြီဖြစ်သော ပြည်တွင်းစစ်နှင့် ၎င်း၏အကျိုးဆက်ဖြစ်သည့် နိုင်ငံတစ်ဝှမ်းတွင် ဖြစ်ပေါ်နေသော လူသားချင်းစာနာမှုဆိုင်ရာ အကျပ်အတည်းတို့နှင့်ပတ်သက်၍ ၎င်းတို့၏ အမြင်သဘောထားများကို မြန်မာအစိုးရ၊ စစ်တပ်၊ ရပ်ရွာလူထုခေါင်းဆောင်များနှင့် ပြည်သူများထံသို့ လွတ်လပ်စွာစုဝေးမှုဖြင့် ထုတ်ဖော်တင်ပြနိုင်ရေးပင် ဖြစ်ပါသည်။ လွတ်လပ်စွာစုဝေးခွင့်သည် ဒီမိုကရေစီကို ပုံဖော်ရန်နှင့် အားပေးမြှင့်တင်ရန် ထောက်ကူပံ့ပိုးပေးသည့် အခြေခံမူလအခွင့်အရေးများထဲမှ တစ်ခုဖြစ်၍ သင့်လျော်စွာ ကိုင်တွယ်အသုံးချပါက ပြည်သူလူထုများအား ဆွေးနွေးဖလှယ်မှုနှင့် ထွေပြားစုံလင်မှုကို အားပေးသကဲ့သို့ လူ့ဘောင်အဖွဲ့အစည်းတွင် အလွန်တရာလိုအပ်နေသော အပြောင်းအလဲများအတွက်လည်း အကျိုးပြုမည် ဖြစ်ပါသည်။

ရှေ့ပြေးအသံအဖွဲ့ (Progressive Voice) သည် "ပြည်သူလူထု လိုလားချက်ကို သိသင့်ပြီ - လွတ်လပ်စွာစီတန်းလှည့်လည်ခွင့်နှင့် မြန်မာနိုင်ငံ လူငယ်များ၏ ငြိမ်းချမ်းရေးလှုပ်ရှားမှု" ဟူသော စာတမ်းတစ်စောင်ကို ထုတ်ပြန်မည် ဖြစ်ပါသည်။ ယင်းစာတမ်းသည် မြန်မာနိုင်ငံတွင် ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်းဆိုင်ရာ ဥပဒေ (ငြိမ်းစုစီဥပဒေ) ကျင့်သုံးရာ၌ ကန့်သတ်ချုပ်ချယ်မှုများနှင့် လက်တွေ့ဆောင်ရွက်မှုများအပေါ် အလေးပေးထားပြီး မကြာသေးမီက မြစ်ကြီးနားနှင့် ရန်ကုန်မြို့တို့တွင် လူငယ်များစီစဉ်ခဲ့သော ငြိမ်းချမ်းစွာစုဝေးပွဲနှစ်ခုကို လေ့လာဆန်းစစ်ထားပါသည်။ ပြည်တွင်းစစ်နှင့် ပဋိပက္ခဖြစ်ပွားရာ နယ်မြေများရှိ တိုင်းရင်းသားပြည်သူများ၏ လူသားချင်းစာနာမှုဆိုင်ရာ အကူအညီရရှိရန် လိုအပ်ချက်များကိုလည်း ဤစာတမ်းတွင် မီးမောင်းထိုးတင်ပြထားပါသည်။ တစ်ချိန်တည်းတွင် ငြိမ်းချမ်းစွာစုဝေးမှုများကို တားဆီးရန်နှင့် နှိပ်ကွပ်ရန်အတွက်လည်းကောင်း၊ စုဝေးရန်စီစဉ်စည်းရုံးသူများကို ရာဇဝတ်ပြစ်မှုများဖြင့် တရားစွဲရန်အတွက်လည်းကောင်း အသုံးပြုသည့် ဘက်လိုက်ခြင်းနှင့် တပြေးညီမဖြစ်သော အရေးယူလိုက်စေသည့် ငြိမ်းစုစီဥပဒေ၏ အားနည်းချက်များကိုလည်း ဆန်းစစ်သုံးသပ်ထားပါသည်။ ထို့မျှသာမက လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သူအမျိုးသမီးများနှင့် တက်ကြွလှုပ်ရှားသူအမျိုးသမီးများ ရင်ဆိုင်ရသည့် ထပ်ဆင့်ခွဲခြားဖိနှိပ်မှုနှင့် ထိပါးနှောင့်ယှက်မှု တို့ကိုလည်း လေ့လာဆန်းစစ်ထားပြီး နိုင်ငံသားအားလုံး၏ လွတ်လပ်စွာစုဝေးခွင့်ကို အားပေးမြှင့်တင်နိုင်ရန်နှင့် ကာကွယ်စောင့်ရှောက်နိုင်ရန်အတွက် မြန်မာအစိုးရ၊

မြန်မာစစ်တပ်နှင့် နိုင်ငံတကာအသိုင်းအဝိုင်းများသို့ အကြံပြုတိုက်တွန်းချက်များ တင်ပြပါရှိပါသည်။ ဤစာတမ်းကို အင်္ဂလိပ်နှင့် မြန်မာ နှစ်ဘာသာ ထုတ်ဝေမည်ဖြစ်သော်လည်း စာတမ်းမိတ်ဆက်ပွဲကိုမူ မြန်မာဘာသာဖြင့်သာ ကျင်းပမည်ဖြစ်ကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။

နေ့ရက် - ၂၀၁၈ ခုနှစ် ဇူလိုင်လ ၁၂ ရက်နေ့

အချိန် - ညနေ ၂ နာရီ

နေရာ - Best Western Green Hill Hotel၊ ၁၂ ဖိုးစိန်လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့

## ပါဝင်ဆွေးနွေးမည့်သူများ

ဒေါက်တာညိုညိုသင်း၊ လွှတ်တော်ကိုယ်စားလှယ်ဟောင်း
အောင်ခိုင်မင်း၊ အမှုဆောင်ညွှန်ကြားရေးမှူး၊ ရှေ့ပြေးအသံအဖွဲ့
အိအိမိုး၊ ရန်ကုန်မြို့ လူငယ်ဆန္ဒပြပွဲ စီစဉ်စည်းရုံးသူ
လွှမ်းဇော်၊ မြစ်ကြီးနားမြို့ လူငယ်ဆန္ဒပြပွဲ စီစဉ်စည်းရုံးသူ

## ဆက်သွယ်ရန်

အောင်ခိုင်မင်း၊ အမှုဆောင်ညွှန်ကြားရေးမှူး၊ ရှေ့ပြေးအသံအဖွဲ့
ဖုန်း - + ၉၅ (၀)၉၇ ၉၉၅ ၅၃၀၅
akm@progressive-voice.org / info@progressive-voice.org